ICRC

**အိုင်စီအာရ်စီ၏ ထုတ်ပြန်ကြေညာချက်**

**၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် မြို့အများအပြား၌ ဆက်လက်ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုအခြေအနေများတွင် သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိသူနှင့် ဖမ်းဆီးထိန်းသိမ်းခံရသူအရေအတွက်များ ပိုမိုမြင့်တက်လာခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များ ဆက်လက်ကြီးမားလာနေခြင်းတို့ အပေါ် စိုးရိမ်ထိတ်လန့်မိပါသည်။

အင်အားအသုံးပြုမှုနှင့် သေနတ်များအသုံးပြုခြင်းအား တင်းကျပ်စွာထိန်းချုပ်ထားရန် ဆောင်ရွက်နိုင်မည့် အစီအမံအားလုံးကို လုပ်ဆောင်ရန် အိုင်စီအာရ်စီက လုံခြုံရေးတပ်ဖွဲ့များအား တိုက်တွန်းပါသည်။ လူ့အသက်အား အလေးထားလေးစားသည့် တတ်နိုင်သမျှသော ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ပြီးသည့်အခါနှင့် လုံးဝလိုအပ်သည့်အခါတို့မှသာ တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေသူများသည် အင်အားကို အသုံးပြုနိုင်သည်။ အသက်အန္တရာယ်ကျရောက်ခါနီးအချိန်တွင် လူအများကို ကာကွယ်ရန် လုံးဝလိုအပ်နေသည့်အချိန်နှင့် ထိခိုက်မှုနည်းသည့် အခြားသောအစီအမံများ လုံလောက်မှုမရှိတော့သည့် အချိန်တို့မှလွဲ၍ အသက်သေစေနိုင်အောင် သေနတ်အသုံးပြုခြင်းအား ရှောင်ကြဉ်ရမည်။

ထိခိုက်ဒဏ်ရာရရှိသူများသည် ထပ်မံအန္တရာယ်ပြုခြင်းခံရမှုမရှိဘဲ လုံလောက်သည့်ဆေးဝါးစောင့်ရှောက်မှုကို အတားအဆီးနှင့် နှောင့်နှေးကြန့်ကြာမှုမရှိ ရပိုင်ခွင့်ရှိကြောင်း အိုင်စီအာရ်စီက ထပ်မံပြောကြားလိုပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ၊ စေတနာလုပ်အားရှင်များနှင့် လူနာတင်ယာဉ်များအား အလေးထားလေးစားရန်နှင့် ကူညီပံ့ပိုးပေးရန် အလွန်အရေးကြီးပြီး ၎င်းတို့က ထိခိုက်ဒဏ်ရာရရှိသူများ သို့မဟုတ် ဖျားနာနေသူများအား စောင့်ရှောက်မှုပေးနေချိန် သို့မဟုတ် ဆေးရုံဆေးခန်းများသို့ သယ်ယူပို့ဆောင်ပေးချိန်တွင် ပိတ်ပင်တားဆီးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့ မခံရစေရန် အလွန်အရေးကြီးပါသည်။

ဖမ်းဆီးခံထားရသူများ သို့မဟုတ် ထိန်းသိမ်းခံထားရသူများကို လူသားချင်းစာနာစွာပြုမူဆက်ဆံရမည်ကို အိုင်စီအာရ်စီကထပ်လောင်းအသိပေးလိုသည်။ ၎င်းတို့၏အသက်၊ ခန္ဓာနှင့်ဂုဏ်သိက္ခာကို အခြေအနေအားလုံးတွင် အလေးထားလေးစားရမည်ဖြစ်ပြီး ကာကွယ်စောင့်ရှောက်မှုပေးရမည်။ ဤအရာများတွင် ၎င်းတို့၏ဆွေမျိုးသားချင်းများအား ၎င်းတို့ မည်သည့်နေရာတွင် ရောက်ရှိနေကြောင်း အသိပေးအကြောင်းကြားခြင်းနှင့် မိသားစုနှင့် ပုံမှန်အဆက်အသွယ် ရရှိစေခြင်းတို့လည်း ပါဝင်ပါသည်။

နောက်ဆုံးအနေဖြင့် အကြမ်းဖက်မှုကြောင့် အသက်ဆုံးရှုံးသွားသူများ၏ ခန္ဓာနှင့်ဂုဏ်သိက္ခာကို အပြည့်အဝ အကာအကွယ်ပေးရမည်ဖြစ်ကြောင်း အိုင်စီအာရ်စီက ထပ်မံပြောကြားလိုပါသည်။ အခြေအနေအားလုံးတွင် ၎င်းတို့အား လေးစားမှုအပြည့်ဖြင့် ကိုင်တွယ်ဆောင်ရွက်ကာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိအောင်ဆောင်ရွက်ပြီး ၎င်းတို့၏မိသားစုများထံသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြန်လည်ပို့ဆောင်ပေးရမည်။

---

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)သည် ခွဲခြားမှုမရှိဘဲ ဘက်လိုက်မှုကင်းကာ ကြားနေပြီး လွတ်လပ်စွာရပ်တည်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ ယင်း၏ တစ်ခုတည်းသောတာဝန်ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှု အခြေအနေများကြောင့် ဒုက္ခရောက်သူများ၏ အသက်နှင့်ဂုဏ်သိက္ခာကို အကာအကွယ်ပေးရန်နှင့် ယင်းတို့အား အထောက်အပံ့ပေးရန်ဖြစ်သည်။ ထို့အပြင် အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာမူများကို အများသိရှိလေးစား လိုက်နာလာအောင် ဆောင်ရွက်ခြင်းနှင့် ခိုင်မာလာအောင်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲဒုက္ခများကို ကာကွယ်တားဆီးရန်လည်း ကြိုးပမ်းဆောင်ရွက်ပါသည်။